# အမေရိကန်အသစ်များအတွက် ၂၀၂၀ ရွေးကောက်ပွဲ မဲဆန္ဒရှင် လမ်းညွှန် 2☑20

ACLU & NATIONAL PARTNERSHIP FOR NEW AMERICANS

မကြာသေးခင်က အမေရိကန်နိုင်ငံသား ဖြစ်ခဲ့ပါသလား။ ဂုဏ်ယူပါတယ်။ သင်သည် ယခုနှစ် ရွေးကောက်ပွဲအတွက် မှတ်ပုံတင်နိုင်ပြီး မဲပေးနိုင်ချေများပါတယ်။ ဆန္ဒမဲပေးနိုင်သော နိုင်ငံသား အသစ်များအား မှတ်ပုံတင်ရန်နှင့် မဲပေးရန် အားပေးရာမှာ New American Voters 2020 စည်းရုံးရေးလုပ်ငန်းဟာ ACLU နှင့်ပူးပေါင်းခွင့်ရခြင်းကို ဂုဏ်ယူပါတယ်။ မဲရုံတွင် မဲပေးခြင်း၊ စာတိုက်မှပေးပို့ခြင်း၊ လူကိုယ်တိုင် ကြိုတင်မဲပေးခြင်းအပါအဝင် မဲပေးရန် နည်းလမ်းများစွာရှိပါတယ်။ ဒါမှမဟုတ် သင်နေထိုင်တဲ့ ပြည်နယ်ပေါ် မူတည်ပြီး ရွေးကောက်ပွဲနေ့မှာ မှတ်ပုံတင်ပြီး မဲပေးခြင်းတို့ကိုလည်း ပြုလုပ်နိုင်ပါတယ်။ နိုင်ငံသားပြုခွင့်ရသူများဟာ သမိုင်းအစဉ်အလာအရ အမေရိကန်ပြည်ထောင်စုမှာမွေးတဲ့ နိုင်ငံသားတွေထက် နည်းပါးစွာ မဲပေးခဲ့ကြပေမဲ့လည်း သင့်မှာ ဒီဖြစ်စဉ်ကို တွန်းလှန်ပစ်နိုင်တဲ့ အခွင့်အရေးတွေ ရှိနေပါတယ်။ ဘယ်လိုမဲပေးရမလဲဆိုတာ သင်ယူကာ ကိုယ့်အသံကို အသုံးချပြီး ဒီနှစ်မှာပဲ မဲပေးလိုက်ပါ။

## မိမိသည် မဲပေးပိုင်ခွင့်ရှိမရှိ မည်သို့သိနိုင်မည်နည်း။

- သင်သည် ရွေးကောက်ပွဲနေ့တွင် အနည်းဆုံး ၁၈ နှစ်ပြည့်သည်။
- သင်သည် အမေရိကန်နိုင်ငံသားဖြစ်သည်။ (သင်၏ ကျမ်းကျိန်ဆိုခြင်းကို ပြီးစီးထားရမည်။)
- သင်၏ ပြည်နယ်တွင် ရာဇဝတ်ပြစ်မှုကြီးကဲ့သို့ ပြစ်မှုကျူးလွန်ထားတဲ့အတွက် မဲပေးရန် အရည်အချင်းမရှိသူအဖြစ် သတ်မှတ်ခံထားရသူ မဟုတ်ပါ။ (အသေးစိတ်ကို သင့်ပြည်နယ် ရွေးကောက်ပွဲ ဝဘ်ဆိုဒ်တွင်ကြည့်ပါ။)

## ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် ကျွန်ုပ်ဘာလုပ်သင့်သနည်း။

- ဤနေရာတွင် မဲပေးရန် မှတ်ပုံတင်ပါ။ သို့မဟုတ် မှတ်ပုံတင်ခြင်းကို အသစ်ပြင်ပါ။ တချို့ ပြည်နယ်များတွင် မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း နောက်ဆုံးရက် ကျော်လွန်သွားပြီ ဖြစ်သောကြောင့် သင် ယခုပဲ စစ်ဆေးလိုက်ပါ။ တချို့ ပြည်နယ်များတွင် ရွေးကောက်ပွဲနေ့ (နိုဝင်ဘာ ၃ ရက်) နှင့်/ သို့မဟုတ် ကြိုတင်မဲပေးချိန်တွင် မှတ်ပုံတင်ပြီး မဲပေးနိုင်ပါသည်။ သင့်ရဲ့ပြည်နယ်က ဒီလို လုပ်ခွင့်ပြုမပြု ဤနေရာတွင် ကြည့်ပါ။
- သင်မဲပေးတဲ့အခါ ဓာတ်ပုံပါမှတ်ပုံတင်ကတ် သို့မဟုတ် မီတာဖြတ်ပိုင်း / အိမ်ငှါးစာချုပ် / ဘဏ်မှတ်တမ်းစာရွက် ကဲ့သို့သော စာရွက်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရန် လိုအပ်လိမ့်မည်။ သင့်ပြည်နယ်၏ စည်းမျဉ်းစည်းကမ်းတွေကို ဒီမှာ သို့မဟုတ် ဒီမှာ ကြည့်ပါ။ (သင့်ပြည်နယ်ကို ရှာရန် စာမျက်နှာအောက်ဖက်သို့ ဆင်းကြည့်ပါ။)

# ဒီနှစ်မဲပေးရန်နည်းလမ်းများ

## ရွေးကောက်ပွဲနေ့ မတိုင်မီ မဲပေးချင်တယ်။

### ဘာလုပ်ရမည်လဲ

- ပြည်နယ်အားလုံးနီးပါးဟာ နိုင်ငံသားများအတွက် စောစော လူကိုယ်တိုင်ဖြစ်စေ (သို့) ပျက်ကွက်သော ဆန္ဒမဲပေးခြင်းဖြင့်ဖြစ်စေ (အထူးသဖြင့် COVID ကြောင့်) မဲပေးခွင့်ရှိသည်။ သင် ရွေးချယ်ရန် ဤနေရာတွင် သွားကြည့်ပါ။
- အကယ်၍ သင်သည် ပျက်ကွက်သူအဖြစ် စာတိုက်မှ မဲပေးလိုပါက မကြာခင်မှာ လျှောက်ထားဖို့ လိုနိုင်ပါတယ်။ သင်၏ နောက်ဆုံးသတ်မှတ်ရက်ကို ဤနေရာတွင် စစ်ဆေးပါ။




## သင်၏ ပျက်ကွက်မဲကို ရေတွက်မတွက် မည်သို့သိနိုင်သနည်း။

- ပြည်နယ်အများစုသည် သင်၏ပျက်ကွက်ဆန္ဒမဲကို ခြေရာခံရန် ရွေးချယ်စရာတစ်ခုကို ပေးပါသည်။ သင့်ပြည်နယ်တွင် ဆန္ဒမဲကိုခြေရာခံဖို့ ဤနေရာတွင် ရှာဖွေပါ။




## ရွေးကောက်ပွဲ ကျင်းပသောနေ့တွင် ကျွန်ုပ် မဲပေးချင်တယ်။

- ကြိုတင်မဲပေးရန်နှင့် ရွေးကောက်ပွဲနေ့တွင် သင်၏မဲရုံနေရာ သို့မဟုတ် ဆန္ဒမဲပေးမည့်နေရာနှင့် မဲရုံဖွင့်ချိန်ကို ရှာဖွေပါ။
- ရွေးကောက်ပွဲနေ့အတွက် ဘယ်အချိန်မှာ၊ ဘယ်နေရာမှာ မဲထည့်မှာလဲ။ ဘယ်လိုသွားမှာလဲဆိုတာကို အစီအစဉ်ရေးဆွဲပါ။
- ဓာတ်ပုံမှတ်ပုံတင်ကတ်ပြား သို့မဟုတ် မည်သူမည်ဝါဖြစ်ကြောင်း၊ နေထိုင်ရာ သက်သေ အထောက်အထား ကဲ့သို့သော လိုအပ်သည့်ပုံစံများကို ယူဆောင်လာပါ။




## ရွေးကောက်ပွဲနေ့၌ မဲပေးရာတွင် သင်၏အခွင့်အရေးများ

- သင်တန်းစီနေစဉ် မဲရုံပိတ်သွားလျှင် ဆက်ပြီး တန်းစီနေပါ။ သင်မှာ မဲပေးပိုင်ခွင့်ရှိသည်။
- အကယ်၍ မဲရုံဝန်ထမ်းက သင်၏အမည်ကို မဲစာရင်း၌ ရှာမတွေ့ပါက -
    - မဲရုံဝန်ထမ်းကို နောက်ဆက်တွဲ မဲစာရင်းတွင် (သင်၏အမည်စာလုံးပေါင်းကိုပေးပြီး) ထပ်မံစစ်ဆေးခိုင်းပါ။
    - အကယ်၍ မဲရုံဝန်ထမ်းသည် သင်၏အမည်ကို ထပ်မံရှာမတွေ့နိုင်ပါက သင်သည် မှန်ကန်သော ဆန္ဒမဲပေးမည့်နေရာတွင် ရှိနေပါသလားဟု မေးမြန်းပါ။ (မဲရုံဝန်ထမ်းသည် ပြည်နယ်တစ်ခုလုံး၏ စနစ်ကို စစ်ဆေးပေးနိုင်သည် သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲရုံးသို့ ခေါ်ယူပေးနိုင်သည်။)
    - အကယ်၍ သင်သည် အခြားတစ်နေရာတွင် မှတ်ပုံတင်ထားပါက မှန်ကန်သော နယ်မြေရှိ မဲရုံသို့သွားရန် လိုအပ်နိုင်သည်။ (အချို့ကိစ္စရပ်များတွင် သင်ရောက်ရှိနေသည့်နေရာတွင် ယာယီဆန္ဒမဲဖြင့် မဲပေးနိုင်သည်။)
    - အကယ်၍ မဲရုံဝန်ထမ်းသည် သင်၏အမည်ကို မည်သည့်နေရာတွင်မျှ ရှာမတွေ့နိုင်သော်လည်း သင်မှတ်ပုံတင်ထားကြောင်း သင်ယုံကြည်လျှင် သင်သည် ယာယီဆန္ဒမဲဖြင့် မဲပေးခွင့်ရှိသည်။ (သင်အရည်အချင်းပြည့်မှီပြီး မှတ်ပုံတင်ထားလျှင် မဲအကြုံးဝင်ပါလိမ့်မည်။)



## ရွေးကောက်ပွဲနေ့၌ မဲပေးရာတွင် သင်၏အခွင့်အရေးများ

- အကယ်၍ သင်သည် မှတ်ပုံတင် တစ်စုံတစ်ရာလိုအပ်သည့် ပြည်နယ်တွင်နေထိုင်ပြီး ၎င်းကိုသင်နှင့်အတူမဆောင်ခဲ့လျှင် သင်သည် ယာယီဆန္ဒမဲပေးပြီးသည့်နောက်တွင် မှတ်ပုံတင်ကို ရုံးခန်းတစ်ခုတွင် သွားပြရန်လိုအပ်လိမ့်မည်။
- သင်၏ဆန္ဒမဲပြားပေါ်တွင် အမှားအယွင်းပြုမိပါက အသစ်တစ်ခုကိုတောင်းယူပါ။
- သင်၏မဲဆန္ဒနယ်၌ စက်များပြတ်နေပါက ယာယီမဲမဟုတ်ဘဲ စက္ကူမဲစာရွက်ကို တောင်းယူပါ။
- အကယ်၍ သင်သည်ရွေးကောက်ပွဲနေ့၌ ပြဿနာတစ်စုံတစ်ခု ကြုံတွေ့ရလျှင် သို့မဟုတ် မေးခွန်းများရှိပါက ရွေးကောက်ပွဲကာကွယ်ရေး hotline သို့ခေါ်ဆိုပါ။
  - အင်္ဂလိပ် - 1-866-OUR-VOTE / 1-866-687-8683
  - စပန်းနစ် - 1-888-VE-Y-VOTA / 1-888-839-8682
  - အာရဗစ် - 1-844-YALLA-US / 1-844-925-5287
  - ဘင်္ဂါလီ၊ ကန်တိုနိစ်၊ ဟင်ဒီ၊ အူဒူ၊ ကိုရီးယား၊ မန်းဒရင်း၊ တာဂါးလော့ဂ် သို့မဟုတ် ဗီယက်နမ် - 1-888-274-8683




## မိမိဘာသာစကားဖြင့် မဲပေးခြင်းဆိုင်ရာ အချက်အလက်များကို ရယူခြင်း

### သင်၏အခွင့်အရေးများ

- ဖက်ဒရယ်ဥပဒေအရ အင်္ဂလိပ်ဘာသာဖြင့် စာရေးခြင်းနှင့် စာဖတ်ခြင်းအတွက် အခက်အခဲရှိသော မဲဆန္ဒရှင်များသည် မဲပေးရာတွင် သူတို့ရွေးချယ်ထားသော သူထံမှ အကူအညီများ ရနိုင်သည်။ ထိုသူသည် မဲဆန္ဒရှင်၏ အလုပ်ရှင်၊ မဲဆန္ဒရှင်၏ အလုပ်ရှင်၏ ကိုယ်စားလှယ် သို့မဟုတ် မဲဆန္ဒရှင်၏ သမဂ္ဂအရာရှိ သို့မဟုတ် ကိုယ်စားလှယ် မဖြစ်ရပါ။
- မဲပေးခွင့်အက်ဥပဒေပုဒ်မ ၂၀၃ အရ အကြုံးဝင်သော ခရိုင်များတွင် မဲဆန္ဒရှင်များကို လိုအပ်သော ဘာသာစကားများကို နှစ်ဘာသာဖြင့် အကူအညီပေးရန်လိုအပ်သည်။ ဆိုလိုသည်မှာ ၎င်းတို့သည် လိုအပ်သော ဘာသာစကားပြောနိုင်သော မဲရုံဝန်ထမ်းများကို ထားရှိရမည်ဖြစ်ပြီး ရွေးကောက်ပွဲမဲပေးမှုနှင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ထိုဘာသာစကားများဖြင့် ရရှိစေရမည် ဖြစ်သည်။ သင်ပြောဆိုသည့် ဘာသာစကားနှစ်မျိုးဖြင့် ရွေးကောက်ပွဲအထောက်အပံ့ကို အကူအညီပေးရန် သင်၏ခရိုင်တွင် လိုအပ်ခြင်းရှိမရှိ စစ်ဆေးပါ။

### ဘာလုပ်ရမလဲ

- မဲရုံတွင်သင့်အားကူညီရန် သင်၏မိသားစုဝင်၊ သူငယ်ချင်း သို့မဟုတ် သင်ရွေးချယ်ထားသော အခြားသူကို ခေါ်ဆောင်လာနိုင်သည်။ သင်၏အလုပ်ရှင် သို့မဟုတ် သင်၏အလုပ်ရှင်၏ သို့မဟုတ် သမဂ္ဂ၏ ကိုယ်စားလှယ်ကို မခေါ်ဆောင်လာပါနှင့်။
- မဲပေးရာတွင် မိမိပြောသော ဘာသာစကားအတွက် ဘာသာစကားနှစ်မျိုးဖြင့် အကူအညီပေးရမည့် ခရိုင်တွင် သင်နေထိုင်ပါက ဘာသာစကား နှစ်မျိုးပြောဆိုနိုင်သော မဲရုံဝန်ထမ်းထံမှ နှုတ်ဖြင့်အကူအညီတောင်းခံနိုင်ပြီး ဆန္ဒမဲကဲ့သို့သော မဲပေးမှုနှင့် သက်ဆိုင်သည့်အရာများကို ထိုဘာသာစကားဖြင့် တောင်းခံနိုင်သည်။

## မိမိဘာသာစကားဖြင့် မဲပေးခြင်ဆိုင်ရာ အချက်အလက်များကို ရယူခြင်း

### ဘာလုပ်ရမလဲ

- အင်္ဂလိပ်စကား ကျွမ်းကျင်မှုမရှိခြင်းကြောင့် မဲပေးရန် အခက်အခဲရှိပါက ဤ hotline များထဲမှ တစ်ခုကိုခေါ်ပါ။
  - အင်္ဂလိပ် - 1-866-OUR-VOTE / 1-866-687-8683
  - စပိန် - 1-888-VE-Y-VOTA / 1-888-839-8682
  - အာရဘစ် - 1-844-YALLA-US / 1-844-925-5287
  - ဘင်္ဂါလီ၊ ကန်တိုနိစ်၊ ဟင်ဒီ၊ အူဒူ၊ ကိုရီးယား၊ မန်းဒရင်း၊ တာဂါးလော့ဂ်၊ ဗီယက်နမ် - 1-888-API-VOTE / 1-888-274-8683

### နောက်ထပ်သတင်းအချက်အလက်များ

- ဘာသာစကားနှစ်မျိုးသုံးပြီး မဲပေးခြင်း အကူအညီအတွက် အသေးစိတ်လမ်းညွှန်ချက်များကို Asian Americans Advancing Justice တွင် သွားရောက်ရယူပါ။

## မိမိဟာ မသန်စွမ်းတဲ့ မဲဆန္ဒရှင်ပါ

### သင်၏အခွင့်အရေးများ

- ဖက်ဒရယ်ဥပဒေအရ ဖက်ဒရယ်ရွေးကောက်ပွဲအတွက် မဲရုံအားလုံးကို သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူ မဲဆန္ဒရှင်များအတွက် အပြည့်အဝ လက်လှမ်းမီစေရမည်။ လမ်းဘေး၌ မဲပေးခြင်းကို ခွင့်ပြုရုံဖြင့် အမေရိကန်မသန်စွမ်းသူများ အက်ဥပဒေ (ADA) ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိပါ။
- ဖက်ဒရယ်ရွေးကောက်ပွဲများတွင် မဲရုံတစ်ခုစီ၌ မသန်စွမ်းသူ မဲဆန္ဒရှင်များကို သီးခြားလွတ်လပ်စွာ မဲပေးခွင့်ပြုသည့် မဲပေးစနစ်တစ်ခု အနည်းဆုံး ရှိရမည်။ များသောအားဖြင့် ဤစက်သည် (အမြင်အာရုံချို့ယွင်းသူများ သို့မဟုတ် dyslexia ရှိသူများအတွက်) ဆန္ဒမဲအား ဖတ်ပြနိုင်ပြီး (လှုပ်ရှားသွားလာရန် မသန်စွမ်းသူများအတွက်) ခလုတ်နှိပ်ခြင်းဖြင့် မဲပေးနိုင်သည်။
- ဖက်ဒရယ်ဥပဒေအရ မသန်စွမ်းသူ မဲဆန္ဒရှင်များနှင့် အင်္ဂလိပ်စာအဖတ်နှင့် စာရေးရန် အခက်အခဲရှိသော မဲဆန္ဒရှင်များသည် ၎င်းတို့ရွေးချယ်ထားသောသူထံမှ မဲရုံများတွင် ကိုယ်တိုင်ကိုယ်ကျ အကူအညီရယူပိုင်ခွင့်ရှိသည်။ ဒီအကူအညီပေးသူသည် မဲဆန္ဒရှင်ရဲ့ အလုပ်ရှင်၊ အလုပ်ရှင်၏ ကိုယ်စားလှယ် ဒါမှမဟုတ် မဲဆန္ဒရှင်၏ သမဂ္ဂကိုယ်စားလှယ် သို့မဟုတ် အရာရှိ မဖြစ်ရပါ။ မဲဆန္ဒရှင်က မတောင်းဆိုပါက ကူညီသူသည် မဲဆန္ဒရှင်၏ ဆန္ဒမဲကိုမကြည့်ရဘဲ ကိုယ်ရေးကိုယ်တာကို လေးစားရမည်။
- ရွေးကောက်ပွဲအရာရှိများ (မဲရုံဝန်ထမ်းများအပါအဝင်) သည် သင်မဲပေးနိုင်ရန် သင့်တော်သော နေရာထိုင်ခင်းများ ပြုလုပ်ပေးရမည်။
- အကယ်၍ ဖြစ်နိုင်လျှင် ရွေးကောက်ပွဲအရာရှိများက သင့်အားအကူအညီပေးရမည်။
- စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသော မဲဆန္ဒရှင်တစ်ဦးသည် မဲပေးရန် “အရည်အချင်းပြည့်မီသူများ” မဟုတ်ဟု မဲရုံဝန်ထမ်းတဦးက ယူဆယုံဖြင့် မဲရုံများမှ ဖယ်ရှားခွင့် မရှိပါ။

## မိမိဟာ မသန်စွမ်းတဲ့ မဲဆန္ဒရှင်ပါ

### ဘာလုပ်ရမည်လဲ

- မဲပေးရာတွင် သင့်အားကူညီရန် သင်၏ မိသားစုဝင်၊ သူငယ်ချင်း သို့မဟုတ် သင်ရွေးချယ်ထားသော အခြားသူတစ်ဦးကို ခေါ်ဆောင်လာနိုင်သည်။ သင်၏အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်၏ သို့မဟုတ် သမဂ္ဂ၏ ကိုယ်စားလှယ်ကို မခေါ်ဆောင်လာပါနှင့်။
- သင့်အားကူညီရန် လူတစ်ဦးကို ခေါ်ဆောင်လာပါက မဲရုံသို့ ဝင်ရောက်သောအခါ မဲရုံဝန်ထမ်းများအား အသိပေးပါ။ သင်မသန်စွမ်းမှုရှိပြီး သင့်အားအကူအညီပေးရန် ထိုသူအားအကူအညီ တောင်းဆိုထားကြောင်း ကျိန်ဆိုရမည်။ သင့်ကိုကူညီမည့်သူသည် သင်၏ ဆန္ဒမဲကို သင်မည်သို့ပေးရမည်ကို မပြောရန် ကျိန်ဆိုသော ပုံစံကို လက်မှတ်ထိုးရန်လည်း လိုအပ်နိုင်သည်။
- တန်းစီသူများပြား ရှည်လျားပြီး သင့်တွင်ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေ သို့မဟုတ် မသန်စွမ်းမှုရှိပါက သင်ရပ်ပြီး တန်းစီရန် အခက်အခဲဖြစ်တဲ့အခါ မဲရုံဝန်ထမ်းကိုပြောပါ။
- ရွေးကောက်ပွဲအရာရှိတွေကို သင်လိုအပ်တာတွေကို ပြောပြပါ။ ဥပမာအားဖြင့်၊ သင်ရပ်ရန်ခဲယဉ်းပါက သင့်အားစောင့်ဆိုင်းနေစဉ်ထိုင်ရန် ထိုင်ခုံ သို့မဟုတ် ထိုင်စရာနေရာတစ်ခု ပေးသင့်သည်။ လူစုလူဝေးများ သို့မဟုတ် ဆူညံသံများသည် သင့်အတွက် အခက်အခဲရှိပါက ရွေးကောက်ပွဲဆိုင်ရာ အရာရှိများက သင်စောင့်ဆိုင်းရန် ဆိတ်ငြိမ်သောနေရာကို ရှာပေးပြီး သင်မဲပေးရန် အလှည့်ရောက်ပါက သင့်အားခေါ်ယူပါမည်။
- အကယ်၍ သင်၏မဲရုံသို့ သွားရာလမ်းသည် အသုံးပြုရန် အရည်သွေး မပြည့်ဝတာကြောင့် မဲရုံသို့ သင်မဝင်နိုင်ပါက မဲရုံဝန်ထမ်းများထံ အကူအညီကိုတောင်းခံပါ။ ပြဿနာကို တင်ပြရန် 1-866-OUR-VOTE သို့လည်း ဖုန်းဆက်နိုင်ပါသည်။
- သင်၏ မဲဆန္ဒရွေးချယ်မှု၊ သုံးသပ်မှု (သို့) သင်၏ဆန္ဒမဲပေးရန်အတွက် ပေးထားသော စာရွက်စာတမ်းများကို အသုံးပြုရန် သင်အခက်အခဲရှိပါက မဲရုံဝန်ထမ်းတစ်ဦးအား သင်လိုအပ်သည့် အကူအညီကိုတောင်းခံပါ။ အသုံးပြုနိုင်စွမ်း ရရှိရန်သည် ဥပဒေဖြစ်သည်။
- သီးခြားလွတ်လပ်စွာနှင့် လုံခြုံစွာ မဲပေးရန် အခက်အခဲများကြုံတွေ့ရပါက သို့မဟုတ် သင်၏ဆန္ဒမဲကို မပေးနိုင်ပါက ထိုပြဿနာကို ရွေးကောက်ပွဲကာကွယ်ရေး hotline 1-866-OUR-VOTE သို့တင်ပြပါ။ လေ့ကျင့်ထားသောရှေ့နေများသည် သင့်အားကူညီနိုင်ပြီး အခြားမဲဆန္ဒရှင်များအတွက် ပြဿနာဆင်တူများ မတွေ့ကြုံနိုင်စေရန် ကူညီနိုင်မည်ဖြစ်သည်။.

### နောက်ထပ်သတင်းအချက်အလက်များ

- Bazelon Center for Mental Health Law တွင် မဲပေးလမ်းညွှန် အသေးစိတ်ကို ရှာပါ။
- မသန်စွမ်းမှုဖြင့်မဲပေးခြင်းဆိုင်ရာများအတွက် Autistic Self Advocacy Network သို့ သွားပါ။
- မသန်မစွမ်းမဲဆန္ဒရှင်တစ်ဦးအနေဖြင့် သင်၏အခွင့်အရေးကို မည်သို့ကျင့်သုံးရမည်ကို လေ့ကျင့်ရန်အတွက် SABE's GoVoter စီမံကိန်း ကိုသွားပါ။
- မဲရုံအသုံးပြုနိုင်မှုစွမ်းရည် လိုအပ်ချက်များသိရန်အတွက် Rocky Mountain ADA စင်တာတွင် သင်တန်းတစ်ခုယူပါ။
- အမေရိကန်လက်ဟန်ပြဘာသာစကားဖြင့် မဲပေးရန် အချက်အလက်များအတွက် SignVote သို့ သွားရောက်ကြည့်ရှုပါ။



## မိမိ၏မဲပေးခွင့်ကို အခြားတစ်ယောက်က အနှောက်အယှက်ပေးနေတယ်

### မဲဆန္ဒရှင်များအပေါ် ခြိမ်းခြောက်မှု ဥပမာများ

- မဲဆန္ဒရှင်များအား သူတို့၏ နိုင်ငံသားဖြစ်မှု၊ ရာဇဝတ်မှုရာဇဝင်နှင့် မဲပေးရန် တခြားအရည်အချင်းများနှင့် ပတ်သက်၍ မေးမြန်းခြင်း။
- ရွေးကောက်ပွဲအရာရှိတစ်ဦးအဖြစ် အယောင်ဆောင် ကိုယ်စားပြုခြင်း။
- မဲဆန္ဒရှင်တစ်ဦးအား ရွေးကောက်ပွဲ၌ အကြောင်းမရှိ စိန်ခေါ်ခြင်း။
- မဲဆန္ဒရှင်လိမ်လည်မှုနှင့် ဆက်စပ်သော ရာဇဝတ်မှု အပြစ်ဒဏ်များနှင့် ပတ်သက်၍ မှားယွင်းသော သို့မဟုတ် အထင်မှားစေသော ဆိုင်းဘုတ်များပြသခြင်း။
- အခြားသော အနှောင့်အယှက်ပေးသောပုံစံများမှာ ကားရပ်နားရာနေရာတွင် မဲဆန္ဒရှင်များအား ဓာတ်ပုံများရိုက်ခြင်း၊ လိုင်စင်ပြားများကို ကူးယူခြင်း သို့မဟုတ် မဲဆန္ဒရှင်များ၏ နိုင်ငံရေးရွေးချယ်မှုများနှင့် ပတ်သက်၍ ကြမ်းကြမ်းတမ်းတမ်း မေးမြန်းခြင်းများ ပါဝင်သည်။
- မဲဆန္ဒရှင်လိုအပ်ချက်များနှင့် ပတ်သက်၍ သတင်းမှားကို ဖြန့်ဝေခြင်း။
  - မည်သည့်ပြည်နယ်တွင်မဆို မဲပေးရန် အင်္ဂလိပ်စကားပြောရန် မလိုအပ်ပါ။
  - မည်သည့်ပြည်နယ်တွင်မဆို မဲပေးရန် စာမေးပွဲအောင်ရန် မလိုအပ်ပါ။
  - မည်သည့်ပြည်နယ်တွင်မဆို မဲပေးရန် စာမေးပွဲအောင်ရန် မလိုအပ်ပါ။




### သင်၏အခွင့်အရေးများ

- မဲဆန္ဒရှင်များအား ခြိမ်းခြောက်ခြင်းသည် တရားမဝင်ဘဲ “လူတစ်ဦးတစ်ယောက်မှ အခြားသူတစ်ဦး၏ မဲပေးပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် သူရွေးချယ်ပိုင်ခွင့်အတိုင်း မဲပေးခြင်းကို ချောက်လှန့်ခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အနိုင်ကျင့်ခြင်းသည်” ဖက်ဒရယ်ရာဇဝတ်မှု ဖြစ်သည်။

### မဲဆန္ဒရှင်တွေကို ခြိမ်းခြောက်တာ ခံရရင် ဘာလုပ်ရမလဲ

- ပြည်နယ်များစွာတွင် သင်၏မဲပေးခွင့်ကို တစ်စုံတစ်ယောက်က စိန်ခေါ်ခဲ့ပါက သင်သည် သင်၏ပြည်နယ်တွင် မဲပေးရန်အရည်အချင်းများ ပြည့်မီကြောင်း ကျမ်းသစ္စာ ကျိန်ဆိုသည့် ကြေငြာချက်ကို မဲရုံဝန်ထမ်းထံပေးအပ်ပြီး ဆန္ဒမဲပေးနိုင်သည်။
- သင်ဆန္ဒမဲပေးနိုင်ခဲ့သည့်တိုင် ခြိမ်းခြောက်မှုကို သတင်းပို့ ဆက်သွယ်ရန် အောက်တွင် ကြည့်ပါ။ ရှေ့နေများက ဒီအကြောင်းကို မြန်မြန်ပိုသိလေ၊ ဒီအမှုအကျင့်တွေကို သူတို့က မြန်မြန်ရပ်တန့်စေနိုင်လေ ဖြစ်သည်။
- ခြိမ်းခြောက်မှုကို Election Protection Hotline သို့ သတင်းပို့ပါ။ 1-866-OUR-VOTE, 1-888-VE-Y-VOTA (en Español), 1-844-YALLA-US / 1-844-925-5287 (Arabic), 1-888-API-VOTE / 1-888-274-8683 (ဘင်္ဂါလီ၊ ကန်တုန်နီ၊ ဟိန္ဒူ၊ အူဒူ၊ ကိုးရီးယား၊ မန်ဒရင်၊ တဂါးလော့ဂ်၊ ဗီယက်နမ်
- ခြိမ်းခြောက်မှုကို သင်၏ဒေသဆိုင်ရာ ရွေးကောက်ပွဲအရာရှိများထံ သတင်းပို့ပါ။ ရွေးကောက်ပွဲနေ့၌ သူတို့၏ရုံးများဖွင့်ပါမည်။